# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာအုပ်စုရှိ တပေါင်း-ထန်းဖွန်-မြောက်တော-အလယ်စု-ကူရှည်နှင့် ဆိပ်ဖြူ ကတ္တရာလမ်းအထိ ကျေးရွာချင်းဆက်လမ်း ၄ မိုင်အား ကျောက်ချောလမ်း သို့မဟုတ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ရေနံချောင်း-အင်တောမြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | ရမ်းဗြဲမြို့နယ်တွင် ဒေါ်ရထချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၆ |
| ၈ | ကံမမြို့နယ်၊ မင်းတုန်းချောင်းနှင့် ပနီချောင်းကြားကျေးရွာများမှ ပြည်သူများသွားလာရေးလွယ်ကူစေရန် ပနီချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၉ | ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းနှင့် ပြည်နယ်မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၁၀ | အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့်ငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို သက်ဆိုင်ရာများမှ စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |

၁၁ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံ တကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်း ဖော်ထုတ် တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှု ပြုလုပ်ပေးပါရန် အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်း ၁၆

၁၂ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း ၂၅

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း ၃၁

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၄၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၃၀–၅–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာ အုပ်စုရှိ တပေါင်း–ထန်းဖွန်–မြောက်တော–အလယ်စု–ကူရှည်နှင့် ဆိပ်ဖြူကတ္တရာလမ်းအထိ ကျေးရွာချင်းဆက်လမ်း (၄) မိုင်အား ကျောက်ချောလမ်း သို့မဟုတ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသာချို(ခ) ဦးတင်ကြိုင်၊ ရေနံချောင်း မဲဆန္ဒနယ်၏ **ရေနံချောင်း– အင်တောမြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်တွင် ဒေါရထချောင်းကူး တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ **ကံမမြို့နယ်၊ မင်းတုန်းချောင်းနှင့် ပနီချောင်းကြား ကျေးရွာများမှ ပြည်သူများ သွားလာရေး လွယ်ကူစေရန် ပနီချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းနှင့်ပြည်နယ် မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ–ညောင်ကျိုးလမ်းကို ၂၀၁၆–၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့် ငွေဖြင့်ဆောင်ရွက်ထားသော လုပ်ငန်းများကို သက်ဆိုင်ရာများမှ စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်း**

**ဒေသတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် အတွင်း ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှု ပြုလုပ်ပေးပါရန် ”**အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၉။ **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသည့် **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော **"စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**
**နဝမနေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊
(၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၇ ရက်၊
(၃) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၁ ရက်၊
(၄) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၃ ရက်၊
(၅) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၁၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၁၁) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၁၂) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၁၃) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၁ ရက်၊
(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၁၅) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၁၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်နှင့်
(၁၇) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။
ယခင်ခွင့်ပန်ကြားသူ ၂၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦး

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာအုပ်စုရှိ တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ကူရှည်နှင့် ဆိပ်ဖြူ ကတ္တရာလမ်းအထိ ကျေးရွာချင်းဆက်လမ်း ၄ မိုင်အား ကျောက်ချောလမ်း သို့မဟုတ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတာကတော့ ဆိပ်ဖြူမြို့နယ်မှာရှိတဲ့ ကူရှည်အုပ်စုဝင် တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ကူရှည်ကျေးရွာနှင့် ဆိပ်ဖြူ-ပေါက်ကတ္တရာလမ်းအထိ ၄ မိုင်ကို ကျောက်ချောလမ်းအဆင့် သို့မဟုတ်

ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၄၆ အုပ်စုလုံးကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျွန်တော် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပွဲများသွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော် သွားရောက်စဉ်မှာ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်မှုမရှိတဲ့ကျေးရွာတွေကို စာရင်းပြုစုပြီး ဒုတိယအကြိမ် သွားရောက်ရန် စီစဉ်တဲ့အခါမှာ လယ်ယာလုပ်ငန်းများမပြီးပြတ်သောကြောင့် လယ်ယာလုပ်ငန်းများပြီးစီးတဲ့ ကူရှည်ကျေးရွာအုပ်စုဝင် အလယ်စုကျေးရွာ ဓမ္မာရုံ၌ ၈-၁-၂၀၁၈ ရက်နေ့မှာ ဒုတိယအကြိမ် ကျွန်တော် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူတို့က လိုအပ်ချက်တွေတင်ပြတောင်းဆိုဖို့ ပြောကြားတဲ့အခါမှာ သူတို့က တခြားတင်ပြတောင်းဆိုခြင်းကို မပြုပါဘူး။ ဒီလမ်းကိုပဲ ဖောင်းပေးပြီးတော့ အဓိကထားပြီးတော့ တောင်းဆိုလာကြပါတယ်။ အဲဒီတော့ မိုးရာသီမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝများကို အဆင်ပြေရန်အတွက် ကျွန်တော်တို့က တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ဆိပ်ဖြူ-ပေါက်ကတ္တရာလမ်းအထိ ရာသီမရွေးသွားလာရန် ခက်ခဲသောနေရာများ ပြုပြင်ပေးနိုင်ရန် တောင်းဆိုလာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ဟောပြောပွဲမှတ်တမ်းပါ။ ဒါကတော့ လမ်းမြေပုံပါ။ ဒါကတော့ မြေပြင်အခြေအနေရဲ့ပုံပါ။ ဒါကတော့ ဟောပြောပွဲအပြီးမှာ ကျွန်တော်တို့က လမ်းကို သွားပြီးတော့ ကွင်းဆင်းကြည့်ရှုကြတာကိုပြတဲ့ပုံပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် လွှတ်တော်ရန်ပုံငွေ သိန်း ၁၀၀၀ ထဲမှာ ရန်ပုံငွေဖြင့်ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပါသောကြောင့် ကူရှည်ကျေးရွာအုပ်စုဝင် တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ဆိပ်ဖြူ-ပေါက်ကတ္တရာလမ်းအထိ ၄ မိုင် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်း သို့မဟုတ် မိုးရာသီတွင် အချိန်မရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ပေးနိုင်ပါက မည်သည့်အချိန်တွင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် မပေးနိုင်ပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါ၍ ကျေးရွာလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်က မေးမြန်းထားတဲ့ ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာအုပ်စုမှာရှိတဲ့ တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ကူရှည်နှင့် ပေါက်-ဆိပ်ဖြူကတ္တရာလမ်းအထိ ၄ မိုင် ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်း သို့မဟုတ် ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် ကူရှည်ကျေးရွာအုပ်စု

မှာရှိတဲ့ တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ကူရှည်ကျေးရွာချင်းဆက်လမ်းအရှည် ၄ မိုင်ဟာ ဆိပ်ဖြူ-ပေါက်လမ်းမကြီးနှင့် ဆက်သွယ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲနေတဲ့လမ်းဖြစ်ပါတယ်။ လမ်းရဲ့လက်ရှိအခြေအနေမှာ မြေသားလမ်းဖြစ်ပြီးတော့ ကျေးရွာလေးရွာ၊ အိမ်ခြေ ၄၂၅ အိမ်နှင့် လူဦးရေ ၃၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိတဲ့လမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ တပေါင်း-ထန်းဇွန်-မြောက်တော-အလယ်စု-ကူရှည်ကျေးရွာချင်းဆက်လမ်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)မှာ ပါဝင်လို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ စတင်ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရေနံချောင်း-အင်တောမြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသာချို(ခ)ဦးတင်ကြိုင်(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရေနံချောင်း-အင်တော မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန်အတွက် အစီအစဉ်ရှိ/မရှိမေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ တင်ပြလိုသည်မှာ အင်တောကျေးရွာသည် (၁၆)ခုတင်ဆံ့ဆေးရုံနှင့် နယ်မြေရဲစခန်း၊ အ.ထ.က ကျောင်းတည်ရှိသော ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်၊ အင်တောရွာဟာ မိုင် ၂၀ ကျော်ကွာဝေးပြီးတော့ အင်တောရွာနှင့်ရေနံချောင်းမြို့ကြားတွင် ရွာပေါင်း ၂၀ ကျော်တည်ရှိပြီး ၎င်းကျေးရွာများမှထွက်ရှိသော ပဲ၊ နှမ်း၊ နေကြာစသော သီးနှံများအား ရေနံချောင်းမြို့သို့လာရောက်၍ ရောင်းချရပါတယ်။ ထိုသို့လာရောက်ရောင်းချရာတွင် ပွင့်လင်းရာသီတွင် အခက်အခဲမရှိသော်လည်း ယခုကဲ့သို့မိုးရွာနေသော မိုးရာသီအခါ၌ မြေသားလမ်းခင်းနေခြင်းကြောင့် ကုန်စည်စီးဆင်းမှု လွန်စွာမှ ခက်ခဲခြင်း၊ ကျေးရွာသူကျေးရွာသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ခက်ခဲခြင်းများ ဖြစ်နေသောကြောင့် ရာသီမရွေးသွားလာ၍ရသော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင်က မေးမြန်းထားတဲ့ ရေနံချောင်း-အင်တော မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းခင်းပေးရန်အတွက် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းမြို့နယ်အတွင်းမှာရှိ ရေနံချောင်း-အင်တောလမ်းဟာ ရန်ကုန်-မန္တလေးလမ်းမကြီး (ရေနံချောင်းမြို့ရှောင်လမ်း)နှင့် ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ လက်ရှိ လမ်းရဲ့အခြေအနေမှာကတ္တရာလမ်း ၄ ဖာလုံ၊ မြေသားလမ်း ၁၀ မိုင် ၂ ဖာလုံနှင့် တစ်ကြောင်းထိုးမြေသား လမ်း ၁၂ မိုင် ၇ ဖာလုံဖြစ်ပြီးတော့ စုစုပေါင်းလမ်းမိုင်အရှည် ၂၃ မိုင် ၅ ဖာလုံရှိပါတယ်။ လမ်းကို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ကျေးရွာ ၂၀ ရွာ၊ အိမ်ခြေ ၄၂၅၀ ၊လူဦးရေ ၂၀၆၇၄ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်း-အင်တောလမ်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)၊ ဦးစားပေးအဆင့် ၂ လမ်းဖြစ်လို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၂ မိုင် ၁.၈ ဖာလုံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၄ ဖာလုံနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၂၀ မိုင် ၇.၂ ဖာလုံတို့ကို ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားဖို့စီစဉ်ထားပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာလည်း ကျောက်ချောလမ်း ၁ မိုင် ၆ ဖာလုံ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရမ်းဗြဲမြို့နယ်တွင် ဒေါ်ရထချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ကျင်းပတဲ့လွှတ်တော်မှာ မေးမြန်းသွားမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်အတွင်းမှာရှိတဲ့ ဒေါ်ရထချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ဟာ ရခိုင်ပြည်နယ်ရဲ့ဗဟိုအချက်အချာကျသော ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပြီး ရန်ကုန်-ကျောက်ဖြူအဝေးပြေးလမ်းမကြီးနဲ့ ဆက်စပ်နေတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်အတွင်းလမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ကျောက်ခင်းလမ်းများ၊ မြေသားလမ်းများကို အသုံးပြုဆက်သွယ်သွားလာနိုင်သဖြင့် ဆက်သွယ်သွားလာရေးအသင့်အတင့် အဆင်ပြေတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရမ်းဗြဲမြို့မှအရှေ့မြောက်ဘက် လေးမိုင်ခန့်ကွာဝေးသောဒေသတွင် ဒေါရထချောင်းတည်ရှိပြီး ချောင်းတစ်ဘက်ကမ်းရှိ မယွတ်ချိန်ကျေးရွာအုပ်စု၊ ကျေးရွာသုံးရွာမှာ အိမ်ခြေ ၄၀၀ ခန့်ရှိပြီး လူဦးရေ ၁၆၀၀ ခန့်က ရမ်းဗြဲမြို့နှင့်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများဖြင့် ဆက်သွယ်သွားလာရာတွင် ပေ ၂၅၀ ခန့်ကျယ်သော ဒေါရထချောင်းကို လှေငယ်များဖြင့် ဖြတ်ကူးသွားလာနေရသဖြင့် အခက်အခဲများ အမြဲကြုံတွေ့နေရပါတယ်။ ပွင့်လင်းရာသီရောက်လာသောအခါ ဒေသနေပြည်သူများက ကိုယ့်အားကိုယ်ကိုး ယာယီဝါးတံတားတည်ဆောက်ကာ နှစ်စဉ်နှစ်တိုင်းသွားလာအသုံးပြုနေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ မယွတ်ချိန်ကျေးရွာအုပ်စုတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့် တော်လှန်ရေးကောင်စီအစိုးရလက်ထက်က နိုင်ငံတော်က ဆည်ဖို့ပေးခဲ့တဲ့ ဒေါရထစံပြတာတမံကြီးရှိပြီး လယ်ဧက ၄၀၀၀ ခန့်ကို ဖော်ထုတ်ကာ အိမ်ထောင်စုပေါင်း ၇၅၀ ခန့် လုပ်ကိုင်စားသောက်နေကြတဲ့တာတမံကြီးတစ်ခုဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မယွတ်ချိန်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ဒေသနေကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ ပြည်သူများမှာ ဒေါရထချောင်းကိုဖြတ်ကူးရန် ယာယီတည်ဆောက်ထားသော ဝါးတံတားကိုအသုံးပြုသွားလာနေကြရသဖြင့် အခက်အခဲများကြုံတွေ့နေရပါတယ်။ မြင်သာနိုင်ဖို့အတွက် Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ဒေါရထချောင်းဖြစ်ပါတယ်။ ဒါကတော့ လွန်ခဲ့တဲ့နှစ်ကဖွင့်လှစ်ခဲ့တဲ့ မယွတ်ချိန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းဖြစ်ပါတယ်။ ဒါကတော့ တော်လှန်ရေးကောင်စီအစိုးရလက်ထက်ကဖော်ထုတ်ပေးခဲ့တဲ့ ဧက ၄၀၀၀ ခန့်ရှိ မယွတ်ချိန်အတွင်းရှိ လယ်မြေဧကများဖြစ်ပါတယ်။ ဒါကတော့ ယာယီဝါးတံတားတည်ဆောက်ပြီး ဆက်သွယ်သွားလာတဲ့တံတားဖြစ်ပါတယ်။ မိုးရာသီမှာပျက်သွားပြီးတော့ နွေရာသီမှာ ပြန်ပြီးတော့ တစ်နှစ်မှာတစ်ကြိမ်ပြင်ထားရတဲ့တံတားဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသတစ်ခုဖြစ်သော မယွတ်ချိန်ကျေးရွာအုပ်စုရှိ ဒေသနေပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအနေဖြင့် လေးမိုင်ခန့်ဝေးကွာသော ရမ်းဗြဲမြို့နှင့်အချိန်မရွေးဆက်သွယ်သွားလာနိုင်ရေးအတွက် ဒေါရထချောင်းကို သုံးဘီးယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန် တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကိုသိရှိလိုပါသဖြင့် ဒေသနေပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေကမေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်မှာ ဒေါရထချောင်းကူးတံတားတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါရထချောင်းကူးတံတားဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲနေတဲ့ မယွတ်ချိန်ကျေးလက်အုပ်စု၊ အဝတောင်-မယွတ်ချိန်ကျေးရွာမှ အလယ်ရွာတောင်ပေါ်ကိုဆက်သွယ်တဲ့ ကျေးရွာချင်းဆက်မြေသားလမ်းပေါ်မှာ တည်ရှိတဲ့တံတားဖြစ်ပါတယ်။ အဆိုပါတံတားဟာ တည်ဆောက်မယ့် ဒေါရထချောင်းရဲ့အကျယ်ကတော့ ၂၅၂ ပေရှိပြီးတော့ ဒီရေအတက်ဆုံးအချိန်မှာ အမြင့်ပေ ၂၈ ပေခန့်နှင့် ဒီရေအကျဆုံးအချိန်မှာ အမြင့်ပေ ၈ ပေခန့်ရှိပါတယ်။ တံတားတည်ဆောက်ပြီးလို့ရှိရင် ကျေးရွာသုံးရွာ၊ အိမ်ခြေ ၂၆၉ အိမ်၊ လူဦးရေ ၁၄၀၀ ခန့်အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မဝတောင်-မယွတ်ချိန်ရွာမှ အလယ်ရွာတောင်ပေါ်ကို ဆက်သွယ်မယ့် ကျေးရွာချင်းဆက်မြေသားလမ်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၃)မှာ ပါဝင်တဲ့လမ်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကံမမြို့နယ်၊ မင်းတုန်းချောင်းနှင့် ပနီချောင်းကြားကျေးရွာများမှ ပြည်သူများသွားလာရေးလွယ်ကူစေရန် ပနီချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဟန်(ကံမမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကံမမြို့နယ်တွင် မင်းတုန်းချောင်းနဲ့ ပနီချောင်းကြားတွေမှာရှိတဲ့ ကျေးရွာများမှာရှိတဲ့ ပြည်သူလူထုများ သွားလာလွယ်ကူစေရေးအတွက် ပနီချောင်းကူးတံတား တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကံမမြို့နယ်ကို မြစ်ခါးကျောလို့ခေါ်တဲ့ တောင်တန်းကြီးကနေ တောင်ဘက်ခြမ်းနဲ့မြောက်ဘက်ခြမ်း နှစ်ခြမ်းခြမ်းထားပါတယ်။ မြောက်ဘက်ခြမ်းကတော့ မင်းတုန်းချောင်းနဲ့ပနီချောင်းကို အမှီပြုပြီးလုပ်ကိုင်စားသောက်နေရတယ်။ မင်းတုန်းချောင်းနဲ့ ပနီချောင်းကြားဟာ ရေနံ့သာအထက်မှာ ပေါင်းဆုံပါတယ်။ အဲဒီချောင်းနှစ်ချောင်းကြားထဲမှာရှိတဲ့

ကျေးရွာများဖြစ်တဲ့ ကျောက်ပြုတ်၊ အင်ကြီးကုန်း၊ ဆန်တုံ၊ ငါးလှိုင်၊ ထန်းတောနှင့် သရက်မြို့နယ်ထဲမှာ ပုဏ္ဏား၊ ကြိုးကြာ၊ ယင်းတော၊ လျှော်တောင်၊ ရွာမ၊ ဆင်ကော၊ သီးကုန်း၊ မြို့လှ၊ အောက်မနိမ့်၊ အောက်မမြင့်၊ ကန်စွန်းမြောင်၊ စက်လှေ၊ ပြင်းအိုင်စတဲ့ ရွာပေါင်း ၂၀ ဝန်းကျင်ခန့်က ပြည်သူလူထုဟာ ပနီချောင်းကိုဖြတ်ကူးပြီးတော့ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားနေရပါတယ်။ ဒီလမ်းဟာ ကံမ-သရက်ဆက်သွယ်တဲ့ မြို့နယ်ချင်းဆက်လမ်းလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးအတွက် ခြောက်ပင် အ.ထ.က(ခွဲ)၊ ရေနံ့သာ အ.ထ.က၊ ကံမ အ.ထ.က ကနေသွားရာလာရာမှာ ချောင်းရေကြီးချိန်ဆိုရင် အလွန်ဒုက္ခရောက်ကြပါတယ်။ ချောင်းရေကြီးချိန်မှာ အရေးပေါ်မွေးလူနာတို့၊ မြွေကိုက်လူနာတို့ ဒီလူနာတွေဟာ ချောင်းရေကိုကူးရမှာခက်ခဲတဲ့အတွက်ကြောင့် အသက်များဆုံးရှုံးခဲ့ရတဲ့ထိအောင် တွေ့ကြုံခဲ့ရပါတယ်။ အထူးသဖြင့် ခြောက်ပင် အ.ထ.က(ခွဲ)တို့၊ ရေနံ့သာ အ.ထ.ကတို့ သွားရောက်ပညာသင်ကြားနေရတဲ့ ကလေးများသည် နေ့စဉ်နှင့်အမျှသွားလာနေရတာမှာ ပနီချောင်းကူးပြီးမှ သွားရပါတယ်။ ဒီချောင်းက စက်လှေ၊ လှေတို့သွားရတာခက်ခဲတဲ့ ချောင်းဖြစ်ပါတယ်။ ရေကြီးချိန်ဆိုရင် ဘယ်လိုမှသွားလို့မရပါဘူး။ သာမန်အချိန်မှာတော့ လှေလေးနဲ့ကူးပြီး ဖြတ်ကူးလို့ရပါတယ်။

ရေကြီးချိန်ဖြစ်နေတဲ့အချိန်ကို Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ချောင်းရေကြီးချိန်ပေါ့။ ဧရာဝတီဖြစ်ရေခံနေတဲ့အတွက်ကြောင့် အဲဒီချောင်းဟာ ဒီလောက်ကြီးမစီးပါဘူး။ ဒါက ဧရာဝတီမြစ်ရေခံတော့ မြစ်ရေသိပ်မစီးတဲ့အချိန်မှာ လှေလေးနဲ့ကူးလို့ရတဲ့အချိန်ပါ။ တကယ်လို့များ ချောင်းရေတအားကြီးနေပြီဆိုရင်တော့ ဘယ်လိုမှ လှေနဲ့လည်းသွားလို့မရပါဘူး။ ဒါကတော့ အဲဒီရွာကြားထဲမှာရှိတဲ့ ပထမလက်လှမ်းမီတဲ့ ရွာတွေပေါ့။ ခုနကပြောတဲ့ သရက်နယ်ထဲက ရွာအားလုံး မပါပါဘူး။ ဒီဥစ္စာကတော့ အောက်တိုဘာလ၊ နိုဝင်ဘာလလောက်ဆိုလို့ရှိရင် ကိုယ်ထူကိုယ်ထမျောတိုင်လေးတွေနဲ့ ဆောက်ပြီးတော့ လူတွေ၊ ဆိုင်ကယ်တို့၊ စက်ဘီးတို့သွားလို့ရအောင် ထိုးရတဲ့တံတားဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မြို့နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ အဲဒီမှာ ဘာပြထားတာလဲဆိုတော့ ဒီတံတားကို ဆောက်လုပ်မယ့်နေရာလေးပြထားပါတယ်။ ဒါက တံတားဆောက်လုပ်မယ့် ထန်းတောရွာနဲ့ ပျဉ်တောင်ရွာကြားထဲက နေရာလေးပြထားတာပါ။ ကျေးဇူးတင်ပါတယ်။

Power Point မှာ ပြထားတဲ့အတိုင်း ချောင်းရေကြီးချိန်မှာ ဘယ်လိုမှဖြတ်ကူးလို့မရလို့ ဒုက္ခကိုကြုံတွေ့ခဲ့ရတဲ့ အင်ကြီးကုန်းရွာမှ ဆရာတော်တစ်ပါးဟာဆိုလို့ရှိရင် ဒီတံတားဖြစ်မြောက်ရေးကို အလွန်အင်မတန်မှ ဆန္ဒပြင်းပြတဲ့အတွက်ကြောင့် လူတစ်ထောင်၊ သိန်း ၁၀၀၀ စီမံချက်နဲ့ လိုက်ပြီးတော့ အလှူခံနေတာ။ ယခုအခါ သိန်းပေါင်း ၃၈၀ ကျော်ရနေကြောင်း ညကပဲ ကျွန်တော့်ဆီကို သတင်းပို့ပါတယ်။ တကယ်လို့များ ဒီတံတားကိုဆောက်လုပ်ပေးပါက ကျေးရွာချင်းဆက်လမ်းဖြစ်တဲ့နေအိမ်၊ ပြည်သူလူထု၊ လယ်ယာ၊ ခြံမြေများကို အသုံးပြုတဲ့အခါမှာ လှူဒါန်းပေးမယ်လို့လည်း ညှိနှိုင်းပေးပြီးဖြစ်ပါတယ်။ ဆရာတော်ကလည်း သူရရှိတဲ့ငွေများကို တံတားဆောက်လုပ်ရေးနဲ့ ချဉ်းကပ်လမ်းများမှာ အသုံးပြုသွားမယ်လို့ပြောပါတယ်။ ဒါ့ကြောင့် ပနီချောင်းကူးတံတားဖြစ်မြောက်ရေးအတွက် တံတားများဖြစ်ခဲ့လို့ရှိရင် ကျေးရွာပေါင်း ၂၀ ကျော်မှာ ရှိတဲ့ပြည်သူလူထု ၃၀၀၀၀ ဝန်းကျင်ခန့် အသုံးပြုမှာဖြစ်တဲ့အတွက်ကြောင့် ဒီတံတားကို မည်သည့်အချိန်၊ မည်သည့်ကာလမှာ

တည်ဆောက်ပေးမယ်ဆိုတာ သိချင်တဲ့အတွက်ကြောင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးတစ်ဆင့် မေးမြန်းရတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဟန်က မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မင်းတုန်းချောင်းနှင့် ပနီချောင်းကြားမှာရှိတဲ့ ကျေးရွာများကပြည်သူလူထုများအတွက် သွားလာရေးလွယ်ကူစေဖို့ ပနီချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပနီချောင်းကူးတံတားဟာ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ သရက်-နတ်မီးတောက်-ကံမလမ်းကတစ်ဆင့် နတ်မီး-ထန်းတော-ငါးလှိုင်-ဆန်တုံ-အင်ကြီးကုန်း-ကျောက်ပြုတ်နှင့် သရက်မြို့နယ် မကျီးပင်-ပုဏ္ဏားကျေးရွာများကို ဆက်သွယ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့ လမ်းပေါ်မှာတည်ရှိတဲ့ တံတားဖြစ်ပါတယ်။

အဲဒီတံတားတည်ဆောက်နိုင်ဖို့အတွက် ကံမမြို့နယ်အတွင်း နတ်မီးကျေးရွာက ထန်းတော ကျေးရွာကို လမ်းဖောက်လုပ်ပေးရန်လိုအပ်ပြီး လက်ရှိထန်းတောကျေးရွာက ငါးလှိုင်-ဆန်တုံ-အင်ကြီးကုန်း-ကျောက်ပြုတ်ရွာလမ်း နှစ်မိုင်နှစ်ဖာလုံမှာလည်း မြေသားလမ်းသာဖြစ်ပါတယ်။ ဒါ့အပြင် သရက်မြို့နယ်အတွင်းမှာရှိတဲ့ မကျီးပင်-လျှော်တောင်-ရွာမ-ကြိုးကြာ-ပုဏ္ဏားကျေးရွာကိုဆက်တဲ့ လမ်း အရှည်ငါးမိုင်နှစ်ဖာလုံဟာလည်း မြေသားလမ်းပင်ဖြစ်ပါတယ်။ ပနီချောင်းကူးတံတား တည်ဆောက် နိုင်ဖို့အတွက် မကွေးတိုင်းဒေသကြီးမှာ အကူအညီပေးနေတဲ့(ဂျပန်အခြေခံအဆောက်အဦဆိုင်ရာ မိတ်ဖက်အဖွဲ့) (Japan Infrastructure Partner)အကူအညီနဲ့ Submersible Bridge (ရေမြုပ်ခံ တံတား)ဆောက်လုပ်ပေးနိုင်ဖို့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတံတားကို ဂျပန်အခြေခံအဆောက်အဦဆိုင်ရာ မိတ်ဖက်အဖွဲ့(JIP)အနေနဲ့ တည်ဆောက်ပေးနိုင်ခြင်းမရှိလို့ရှိရင်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကစတင်ပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းနှင့်ပြည်နယ်မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကလေးမြို့နယ်ဟာ နေအဥ္စရာမြစ်၊ မဏိပူရမြစ်နဲ့ မြစ်သာမြစ်တို့ပေါင်းဆုံရာ မြစ်ဝှမ်းလွင်ပြင်ဒေသ ဖြစ်ပြီး အရှေ့အနောက် ၁၂ မိုင်၊ တောင်မြောက် ၇၄ မိုင်နှင့် ၉၀၂.၆၁၆ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေသုံးသိန်းခြောက်သောင်းကျော် နေထိုင်လျက်ရှိပါတယ်။ အနောက်ဘက်မှာ ပေ ၅၀၀၀ ကျော်မြင့်တဲ့ ချင်းတောင်တန်းများရှိပြီး အရှေ့ဘက်မှာ ပေ ၂၀၀၀ ကျော်မြင့်တဲ့ မြစ်သာရေဝေရေလဲတောင်တန်းများ ရှိပါတယ်။ တောင်ဘက်နှင့်မြောက်ဘက်မှာ ချင်းတောင်တန်းနှင့် မြစ်သာမြစ် ရေဝေရေလဲ တောင်တန်းများနှင့်ပိတ်ထားတဲ့ အနေအထားဖြစ်ပါတယ်။ မြို့ရဲ့တည်နေရာကတော့ တောင်ဘက်က နေ မြောက်ဘက်ကိုစီးလာတဲ့ မြစ်သာမြစ်နဲ့ မြောက်ဘက်ကနေတောင်ဘက်ကိုစီးလာတဲ့ နေအဥ္စရာ မြစ်ဆုံရဲ့အနောက်ဘက် နှစ်မိုင်လောက်မှာတည်ထားပါတယ်။ ကျေးရွာများတည်ရှိနေမှုကတော့ မြစ်နှစ်မြစ်ရဲ့ ဘေးဝဲယာမှာ အများစုတည်ရှိနေတာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေ ကိုတင်ပြရရင် တမူး-ကလေး-ဂန့်ဂေါ ပြည်ထောင်စုလမ်းမကြီးနဲ့ ကလေးဝ၊ ကလေး၊ ချင်းပြည်နယ်နဲ့ ဆက်စပ်တဲ့ ပြည်ထောင်စုလမ်းမကြီးရှိပါတယ်။ ကျေးရွာချင်းဆက်လမ်းများအနေနဲ့ ကျေးရွာပေါင်း ၁၅၇ ရွာရှိရာမှာရွာပေါင်း ၂၂ ရွာဟာ မိုးရာသီမှာ တစ်ရွာတည်းထဲနေရတာဖြစ်ပြီး ငါးရွာဟာဆိုလို့ရှိရင် နွေရာသီ ဆိုင်ကယ်လမ်းတောင်မရှိသေးပါဘူးရှင်။ အဲဒီရွာတွေဟာ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့ ကလေးမြို့နယ်ကို စတင်ထူထောင်စဉ်ကတည်းကရှိခဲ့ကြတဲ့ ရှေးရွာဟောင်းကြီးများ ဖြစ်ပါတယ်။ ဟိုတစ်ချိန်က မြစ်ချောင်းကိုသာ အားပြုသွားလာရတာကြောင့် မြစ်ရဲ့ဘေးဝဲယာမှာ နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမြို့နယ်ရဲ့တံတားများထိုးထားနိုင်မှုအခြေအနေကို ဆက်ပြီးတင်ပြရရင် ပြည်ထောင်စုလမ်းမကြီးအပေါ်မှာ ၁၀၀ ပေအထက်ရှိ မြစ်ကူးတံတား သုံးစင်းနှင့် ကျေးရွာချင်းဆက်လမ်းပေါ်မှာ အကျယ် ၈ ပေ၊ အလျား ၈၀၀ ပေရှိတဲ့ သုံးဘီးဆိုင်ကယ်သွားလာနိုင်တဲ့ ကြိုးတံတားတစ်စင်းသာရှိပါတယ်။ အဲဒီတံတားဟာ မြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများအနေဖြင့် ကလေးမြို့သို့သွားလာရာမှာ တံတားရဲ့တည်နေရာကြောင့် အသုံးချနိုင်မှုမှာ အကန့်အသတ်များစွာ ရှိနေပါတယ်။ ဒါကြောင့်လည်း လုပ်ငန်းရှင်များက နှစ်စဉ် ကူးတို့လေလံကြေး ၃၂၇ သိန်းကို စည်ပင် သာယာသို့ပေးသွင်းပြီး လုပ်ငန်းများအောင်မြင်စွာ လုပ်ကိုင်နေကြဆဲဖြစ်ပါတယ်။ အဲဒီ ကူးတို့ခ ဝန်ထုပ်ဝန်ပိုးကြီးကို မြစ်အရှေ့ဘက်ရွာများကနေပြီးတော့ ထမ်းဆောင်နေကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဟိုတစ်ချိန်က မြစ်ကိုအားပြုသွားလာနေရတဲ့အချိန်မှာ ဖွံ့ဖြိုးခဲ့ပေမဲ့လို့ ဆက်သွယ်မှုပုံစံပြောင်းလဲခဲ့တဲ့ ဒီဘက်နှစ်များမှာ ခေတ်နဲ့အညီ ပြောင်းလဲပေးနိုင်မှုအားနည်းခဲ့တာကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိနေပါတယ်။ ဒီအခြေအနေကို ကျော်လွှားနိုင်ဖို့အတွက်ဆိုရင် အချက်အချာကျတဲ့နေရာမှာ မြစ်သာမြစ်ကူးတံတားတစ်စင်းတည်ဆောက်ပေးရန် အဓိကလိုအပ်ချက်ဖြစ်ကြောင်း ကျွန်မရဲ့မဲဆန္ဒနယ်သူနယ်သားများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံး လိုလားသဘောတူကြပါတယ်။ တံတားသာထိုးနိုင်ခဲ့မယ်ဆိုရင်တော့ အိမ်ခြေ ၃၂၈၉ မှာရှိတဲ့ လူဦးရေ ၁၄၁၁၄ ဦးဟာ မြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများနှင့် ကျေးရွာအချင်းချင်းဆက်သွယ်နိုင်ကြမှာဖြစ်သလို လယ်စိုက်ဧက သုံးသောင်းကျော်အတွက်ရရှိလာမည့် ကောက်ပဲသီးနှံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ရောင်းဝယ်ဖောက်ကားနိုင်မှာဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ နိုင်ငံအနောက်ဘက်ခြမ်းမှာ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက အထိရောက်ဆုံး ထောက်ပံ့ရေးလမ်းကြောင်းတစ်ခုလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းကဆိုရင် အင်္ဂလိပ်ရော ဂျပန်ပါ ဒီလမ်းကြောင်းကို အသုံးပြုခဲ့တယ်ဆိုတာ မှတ်တမ်းတွေအရ သိရပါတယ်။ အခုအချိန်မှာဆိုရင်လည်း မုံရွာ-ရွာကြီးလမ်းနှင့် ဟားခါး-ဖလမ်း-နတ်ချောင်းလမ်းများကို အခိုင်အမာဖောက်လုပ်ပြီးဖြစ်တာကြောင့် အခုကျွန်မတင်ပြတဲ့တံတားသာထိုးနိုင်ပါက မုံရွာနဲ့ဟားခါးကို တိုက်ရိုက်ချိတ်ဆက်နိုင်မှာဖြစ်လို့ ကျေးရွာချင်းဆက်လမ်းသာမက ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဘက်ဘက်ကနိမ့်ကျလျက်ရှိတဲ့ မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့တော်ကြီးများကို အတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတားထိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးက မေးမြန်းထားတဲ့ ကလေးမြို့နယ်မှာရှိတဲ့ အဘက်ဘက်မှ နိမ့်ကျလျက်ရှိတဲ့ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေဖို့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သာမြစ်ကူးတံတားဟာ သာယာဝတီ-ထိုမာ-ပေါက်တောကျေးရွာများနှင့် ကလေး-ဂန့်ဂေါလမ်းမကြီးကို ဆက်သွယ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့လမ်းပေါ်မှာ တည်ရှိတဲ့တံတားဖြစ်ပါတယ်။ သာယာဝတီ-ထိုမာ-

ပေါက်တောလမ်းအရှည် ၈ မိုင် ၁ ဖာလုံအနက် ၁ မိုင် ၃ ဖာလုံက ကျောက်ချောလမ်းဖြစ်ပြီး ကျန် ၂ မိုင် ၆ ဖာလုံမှာ သဲကျောက်လမ်းနှင့် ၄ မိုင်မှာ မိုးရာသီမှာ ရေဝင်တဲ့ဧရိယာ ဖြစ်ပါတယ်။ အဆိုပါ တံတားကို တည်ဆောက်ပေးမယ်ဆိုပါက မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၃၁၅၄ အိမ်၊ လူဦးရေ ၁၄၂၀၀ ခန့်ကို အကျိုးပြုမှာဖြစ်ပါတယ်။ မြစ်သာမြစ်ကူးတံတား တည်ဆောက်မယ့်လမ်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ Class A ဦးစားပေးအဆင့်(၁)မှာ ပါဝင်လို့ တံတားတည်ဆောက်မှုနှင့်ပတ်သက်ပြီးတော့ သံကူကွန်ကရစ် ကမ်းကပ်ခုံများနှင့် ရေလည်တိုင်များ၊ သံဘောင်ဘေလီတံတား ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ရန်ပုံငွေထည့်သွင်းလျာထားသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အင်ပူမြို့နယ်အတွင်းရှိ အင်ပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့်ငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို သက်ဆိုင်ရာများမှ စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်ပူမဲဆန္ဒနယ်မှ ဦးအေးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဝင်း(အင်ပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်ပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါ တယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ အင်ပူမြို့နယ်အတွင်းမှာရှိတဲ့ အင်ပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ် ဘတ်ဂျက်မှာ ချပေးထားတဲ့ငွေနဲ့ဆောင်ရွက်ထားရှိတဲ့လုပ်ငန်းများကို သက်ဆိုင်ရာမှ စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းအင်ပူ-ညောင်ကျိုးလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ပူ-ညောင်ကျိုးလမ်းဟာ တိုက်နယ်ချင်းဆက်လမ်း တစ်ခု ဖြစ်ပါတယ်။ ညောင်ကျိုးတိုက်နယ်မှာ ကျေးရွာအုပ်စု ရှစ်စုရှိပြီးတော့ အင်ပူတိုက်နယ်မှာ ဒီလမ်းကိုအသုံးပြုနေတဲ့ ကျေးရွာအုပ်စုသုံးစုနဲ့ပေါင်းရင် စုစုပေါင်းကျေးရွာအုပ်စု ၁၁ အုပ်စု၊ လူဦးရေ ပေါင်း ၄၄၅၉၀ အသုံးပြုနေတဲ့ တစ်ခုတည်းသောလမ်းဖြစ်ပါတယ်။ အင်ပူမြို့နယ်ဟာ မြို့နယ်မြို့ဖြစ် တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ရုံးကိစ္စနှင့် ဒေသထွက်ကုန်များကို ဒီလမ်းတစ်ခုတည်း ကိုသာ အသုံးပြုနေရတဲ့လမ်းဖြစ်ပါတယ်။ ညောင်ကျိုးတိုက်နယ်ဟာ အင်ပူမြို့နယ်မှာ ဖွံ့ဖြိုးမှု အနည်းဆုံးတိုက်နယ်ဖြစ်ပါတယ်။ ဒီလမ်းအတွက်ကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်မှာ ၅၂၂.၅ သန်း ချထားပေးတယ်လို့ ကျွန်တော်သိရပါတယ်။ ဒါပေမဲ့လို့ လမ်းဦးစီးကနေပြီးတော့မှ ကျွန်တော့်ကို ပြောတာကတော့ ၄၉၄ သန်းသာ သူတို့လက်ထဲကို ရောက်တယ်လို့ သိရှိရပါတယ်။ ဘတ်ဂျက်ချပေး သော်လည်းပဲ ဘယ်လုပ်ငန်းကို ဆောင်ရွက်မယ်ဆိုတဲ့အကြောင်းကိုတော့ ဘတ်ဂျက်မှာ ပါမလာပါဘူး။

အင်္ဂပူ-ညောင်ကျိုးလမ်းအတွက်ဟုသာ ဖော်ပြထားတာကို တွေ့ရပါတယ်။ လုပ်ငန်းမစတင်ခင်မှာ တိုင်းဒေသကြီးဆောက်လုပ်ရေးဝန်ကြီး လာရောက်ကြည့်ရှုခဲ့တာကိုလည်းသိရှိခဲ့ရပါတယ်။ ၎င်းလမ်းက အရှည် ၁၅ မိုင်လောက်ရှည်ပြီးတော့ ညောင်ကျိုးကနေ ကညင်တပင်တံတားအထိ ၈ မိုင်ခန့်မှာ ၁၂ ပေအကျယ် ကွန်ကရစ်ကတ္တရာလမ်းများ ခင်းထားပြီးတော့ ကညင်တပင်တံတားကနေပြီးတော့ အင်္ဂပူမြို့အထိ ၇ မိုင်ခန့်ဟာ ကျောက်ချောလမ်းဖြစ်ပါတယ်။ ဘတ်ဂျက်ကျပြီး လုပ်ဆောင်ချက်များကတော့ ကျောက်စီရေကာတာ ၁၂ ခု၊ နောက်လမ်းမညီတဲ့ လမ်းကို စက်နဲ့ညှိပေးတယ်။ နောက်တစ်ခါ ကတ္တရာလမ်းအပေါက်တွေကို ဖာပေးတယ်။ အချို့နေရာမှာ ခွဲကျောက်များကိုထည့်ပြီးတော့ ကြိတ်ပေးထားတာကို တွေ့ရပါတယ်။ အဲဒီတော့ ပြည်သူများအနေနဲ့က ၎င်းငွေအားနဲ့ဆိုရင် လမ်းကို အတိုင်းအတာတစ်ခုတိုးတက်မယ်လို့ သူတို့တွေက ထင်မြင်ထားပေမဲ့လို့ ဒီလိုဖြစ်မလာတဲ့အတွက် သူတို့ရဲ့ဆန္ဒအရ ဘဝင်သိပ်ကျလှတယ်လို့မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းမှာ လုပ်ဆောင်ထားတဲ့ လုပ်ငန်းဟာ ဘတ်ဂျက်နှင့် လုပ်ငန်းလုပ်ဆောင်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ သိလိုတဲ့အတွက် ပထမ မေးခွန်းတစ်ခုမေးရခြင်း ဖြစ်ပါတယ်။ နောက် ၎င်းလမ်းက ကျေးရွာအုပ်စု ၁၁ အုပ်စုနဲ့ အများပြည်သူများ အဓိကဆက်သွယ်ထားတဲ့လမ်းတစ်ခုဖြစ်တဲ့အတွက် ဒီလမ်းကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် မေးခွန်း(၂)အနေနဲ့ မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းမှ မေးမြန်းထားတဲ့ အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ-ညောင်ကျိုးလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်ဘတ်ဂျက်မှချပေးထားတဲ့ငွေနဲ့ ဆောင်ရွက်ထားတဲ့လုပ်ငန်းများကို သက်ဆိုင်ရာများက စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်အတွင်းမှာရှိတဲ့ အင်္ဂပူ-ညောင်ကျိုးလမ်းဟာ ၁၅ မိုင် ၄ ဖာလုံရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲနေတဲ့လမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ယခင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ လွှဲပြောင်းရယူစဉ်တုန်းက လမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၁၀ မိုင် ၃ ဖာလုံနဲ့ ကွန်ကရစ်လမ်းပျက် ၃ မိုင်တို့ဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၉၄.၈၇၅ သန်းနဲ့ ကွန်ကရစ်လမ်းပျက်နေရာမှာ အခြေခံလွှာတစ်မိုင်ခင်းခြင်း၊ မူလအမာခံလမ်း ၁၀ မိုင် ၃ ဖာလုံအား

လမ်းပေါက်ဖာပြီး ချောင်းကျောက်များခင်းခြင်း၊ ရေတိုက်စားသွားတဲ့ လမ်းပိုင်းများအား ပြုပြင်ခြင်း၊ မျောပိုင်နဲ့ ပေ ၆၅၀ အရှည် မြေကာနံရံတည်ဆောက်ခြင်း စုစုပေါင်း ၁၀၉၇ ပေအရှည်ရှိတဲ့ ကျောက်ကြီးစီမြေကာနံရံ ၁၂ နေရာ တည်ဆောက်ခြင်း၊ ကွန်ကရစ်ကာကွယ်တိုင်များ စိုက်ထူခြင်း၊ ပျက်စီးနေတဲ့ သစ်သားတံတားများပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် မိုးတွင်းကာလ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားတဲ့လမ်းပိုင်းများကို ဧရာဝတီတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၂၅.၅၂ သန်းနဲ့ အမာခံလမ်း ၂ မိုင် ၁ ဖာလုံကို ချိုင့်ခွက်များ ဖာထေးပြီး ချောင်းကျောက်ခင်းခြင်းလုပ်ငန်းနဲ့ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် လမ်းစတင်လွှဲပြောင်းလက်ခံခဲ့တဲ့အချိန် တစ်နှစ်တာကာလအတွင်းမှာ ဒေသခံပြည်သူများ ချောမွေ့စွာအသုံးပြုသွားလာနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများကို ဌာနမှတာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးခြင်း၊ မြို့နယ်နှင့် ခရိုင်စာရင်းစစ်ရုံးများမှ စာရင်းစစ်ဆေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်တဲ့အပြင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကလည်း လာရောက်စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အဆိုပါလမ်းအတွက် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၃၉.၂၅ သန်းနဲ့ ပေ ၄၀ အရှည်၊ ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားတစ်စင်းကို တည်ဆောက်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆.၉၅ သန်းနဲ့လည်း ၁၀ ပေအရှည်၊ အကျယ်ပေ ၃၀ ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်စင်းကို ဆက်လက်တည်ဆောက်ပေးလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂပူ-ညောင်ကျိုးလမ်းဟာ မူလခိုင်ခန့်မှုအားနည်းသည့် သစ်သားတံတားနေရာ၌ ပေ ၄၀ အရှည်၊ ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ၁ မိုင် ၂ ဖာလုံအား ၃၄ ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ ပျက်စီးနေတဲ့ ကွန်ကရစ်လမ်းပိုင်း ၄ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းတစ်မိုင်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးရန်ပုံငွေမှာ လျာထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျန်ရှိတဲ့အမာခံလမ်းပိုင်း ၇ မိုင်ကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ဖို့ နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ဧရာဝတီတိုင်းဒေသကြီးရန်ပုံငွေ၌ လျာထားတင်ပြတောင်းခံပေးသွားမှာ ဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှု ပြုလုပ်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသောင်းအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့်အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်း၍ ထိရောက်စွာဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှုပြုလုပ်ပေးရန် ဖြစ်ပါတယ်။ Power Point နှင့် တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်မှာ တိုင်းရင်းသားပြည်သူများရဲ့ဘဝလုံခြုံအေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ရမယ့်ကိစ္စများထဲမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိပါတယ်။ ပြည်ထောင်စုရဲ့နယ်မြေတစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ ဘင်္ဂါလီအစွန်းရောက်အကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အဖွဲ့များက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ကျီးကန်းပြင်မှာရှိတဲ့ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အပါအဝင် စခန်းသုံးခုကို ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တင်ပြပါအတိုင်း ဆုံးရှုံးမှုများဖြစ်ခဲ့ရပါတယ်။ ဒီဖြစ်စဉ်ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ လုံခြုံရေးတပ်ဖွဲ့ခွဲများ အင်အားဖြည့်တင်းပြီးတော့ ရဲကင်းစခန်း ၃၄ ခု ထပ်မံတိုးချဲ့ခဲ့တာ တွေ့ရပါတယ်။ လုံခြုံရေးအင်အားတွေ တိုးမြှင့်ခဲ့ပါပေမဲ့လည်း အစွန်းရောက်ဘင်္ဂါလီအကြမ်းသမားတွေနဲ့ ARSA အဖွဲ့ဟာ ရပ်တန့်မသွားဘဲနဲ့ ဆက်လက်အကြမ်းဖက်မှုများကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလကနေ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ အသတ်ခံရသူပေါင်း ၄၁ ဦးနှင့် ပျောက်ဆုံး ၂၃ ဦးရှိကြောင်း သိရပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ

လည်း တပ်မတော်တပ်ရင်းဂိတ်ကင်းစခန်းတစ်ခုနှင့် နယ်ခြားစောင့်ရဲကင်းစခန်းပေါင်း ၃၀ ကို အကြမ်းဖက်အဖွဲ့များက အင်အားသုံးထပ်မံတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပါတယ်။ ဖြစ်စဉ်မှာ ဝန်ထမ်းတစ်ဦး အပါအဝင် တင်ပြပါအတိုင်း အသက်ဆုံးရှုံးဒဏ်ရာရရှိခဲ့ကြပါတယ်။ အကြမ်းဖက်အဖွဲ့များက ယခုလို ဆက်တိုက်သတ်ဖြတ်မီးရှို့အကြမ်းဖက်တိုက်ခိုက်တဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခုခံကာကွယ်နေတဲ့ကြားကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ကနေ စက်တင်ဘာလ ၂၆ ရက်နေ့အထိ တစ်လတာအတွင်းမှာ နိုင်ငံ့ဝန်ထမ်းနှစ်ဦးအပါအဝင် ၈၄ ဦး အသတ်အဖြတ်ခံရပြီး ၅၄ ဦး ပျောက်ဆုံးနေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းများအရ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုကြောင့် ၁၆၃ ဦးသေဆုံးပြီးတော့ ၉၁ ဦးပျောက်ဆုံးနေကြောင်း သိရပါတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုဟာ မစ္စတာကိုဖီအာနန် အကြံပေးကော်မရှင်ရဲ့လုပ်ငန်းစတင်ဆောင်ရွက်နေတဲ့ကာလနဲ့ လုပ်ငန်းပြီးဆုံးလို့ အပြီးသတ်အစီရင်ခံစာတင်သွင်းတဲ့နေ့များမှာ တိုက်ဆိုင်စွာဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ဒါ့အပြင် ဘူးသီးတောင်၊ မောင်တောဒေသမှာရှိတဲ့ မေယုတောင်ကြောမှာ အကျယ် ၅ ပေ၊ အနံ ၄ ပေ၊ အရှည် ပေ ၃၀ ရှိတဲ့ အကြမ်းဖက်စခန်းလိုဏ်ခေါင်းတစ်ခုနှင့် ဒီမှာရိက္ခာတွေ၊ တဲတွေ၊ အဆောက်အဦတွေ တွေ့ရှိရတဲ့အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်တဲ့ဖြစ်စဉ်တွေဟာ အစီအစဉ်ရှိရှိလုပ်တဲ့ အကြမ်းဖက်မှုတွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများဟာ ၁၉၄၂ ခုနှစ်၊ ၁၉၅၁ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်များကလို ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နယ်မြေတစ်ခုရရှိရေး၊ ရိုဟင်ဂျာလူမျိုးအဖြစ်အသိအမှတ်ပြုရေးကို ဦးတည်ပြီးတော့ OIC နိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများနှင့် လုပ်ကြံဝါဒဖြန့်မှုများကို နည်းမျိုးစုံပြုလုပ်ကျက်ရှိပါတယ်။ ဒီအခြေအနေတွေကြောင့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)ရဲ့အစီရင်ခံစာမှာ Crime against humanity, ethnic cleaning စတဲ့စွပ်စွဲချက်တွေ ပါလာခဲ့ပါတယ်။ ဒီစွပ်စွဲချက်တွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်မှာ ဒုတိယသမ္မတဦးစီးတဲ့ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ခဲ့ပါတယ်။ မောင်တောဒေသ ဒီစုံစမ်းစစ်ဆေးရေးကော်မရှင်က ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မဟုတ်မမှန်ကြောင်းတရားဝင်ရှင်းလင်းခဲ့ပြီးတော့ ဒီကော်မရှင်ရဲ့သတင်းစာရှင်းလင်းပွဲမှာလည်း ဒါတွေဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးတဲ့ အကြမ်းဖက်မှုတွေဖြစ်ပြီးတော့ ကျယ်ပြန့်တဲ့ကိစ္စတွေပါနေတယ်လို့ ရှင်းပြခဲ့ပါတယ်။ သို့သော်လည်း ဒီအခြေအနေအရပ်ရပ်ဟာ တစ်ခန်းရပ်ပြဇာတ်တစ်ခုလို ရပ်တန့်သွားပြီးတော့ အကြမ်းဖက်များ ဖော်ထုတ်နှိမ်နင်းအရေးယူခြင်းကို အားရဖွယ်ရာဆက်လက်မသိမမြင်ရတော့တဲ့အတွက် ဒေသခံပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်များနှင့် လုံခြုံရေးစခန်းများကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခံရမှုဟာ အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေကို ထမင်းလုံးတစ္ဆေလို ခြောက်လှန့်နေဆဲဖြစ်ပါတယ်။ သို့သော်လည်း ဒုတိယအကြိမ် အကြမ်းဖက်မှုတွေဖြစ်တဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်များနှင့် ARSA အကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့တာ တွေ့ရပါတယ်။ မြဝတီသတင်းစာများမှာလည်း အကြမ်းဖက်သူများကို ဓာတ်ပုံနှင့်တကွ ဖော်ပြထုတ်ဝေမှုများ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၂၃)နှင့် ၄-၆-၂၀၁၄ ရက်နေ့မှာ ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ ဒီဥပဒေမှာ အခန်း ၁၉ ခန်းပါရှိပြီးတော့ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာ စီရင်ပိုင်ခွင့်ရှိတဲ့အကြမ်းဖက်မှုတွေဟာ ပြည်သူတွေရဲ့လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးတဲ့အဆောက်အဦများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အဦကိုဖြစ်စေ၊ ယာဉ်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်များကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများလို့ ဖော်ပြ ထားပါတယ်။ ပုဒ်မ ၃ ပုဒ်မခွဲ(ပ)မှာလည်း အကြမ်းဖက်သမားများကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ကျူးလွန် သူတွေ၊ အားထုတ်သူတွေ၊ အားပေးကူညီသူတွေ၊ လှုံ့ဆော်သူတွေ၊ ဒါ့အပြင် ကြံရာပါတွေအားလုံးကို အကျုံးဝင် နေတာ ပါရှိပါတယ်။ အခန်း(၃) မှာပါတဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ရဲ့လုပ်ပိုင်ခွင့် နှင့်တာဝန် ပုဒ်မ ၆ မှာလည်းပဲ ဗဟိုအဖွဲ့ဟာ အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက် ရေးအတွက် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အခန်း(၁၅)မှာလည်း နိုင်ငံတကာနှင့်ပူးပေါင်း ဆောင်ရွက်ရမယ့်ကိစ္စ ရပ်တွေ ပြဋ္ဌာန်းထားတာဖြစ်ပြီးတော့ အခန်း(၁၆) မှာလည်း တရားခံလွှဲပြောင်းမှု နှင့်စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်နှင့် အခန်း(၁၉)မှာ ဒုက္ခသည်တွေကို အကြမ်းဖက်မှုရှိ/မရှိ စိစစ်ရေးကိစ္စ များပါဝင်တာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ ၂၀၁၆-၂၀၁၇ ခုနှစ် ဖြစ်စဉ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့လုပ်ရပ်တွေကို ကြည့်မယ်ဆိုရင် တပ်မတော်အပါအဝင် နယ်ခြားစောင့်ရဲတပ်ဖွဲ့လုံခြုံရေး စခန်းတွေကို အင်အားသုံးပြီးတိုက်ခိုက်ဖျက်ဆီးတယ်။ လုံခြုံရေးတပ်ဖွဲ့တွေကို လူသားတံတိုင်းသုံးပြီး တော့ ဟန့်တားတိုက်ခိုက်တယ်။ မိုင်းထောင်တိုက်ခိုက်တယ်။ လူနေအိမ်၊ အဆောက်အဦတွေကို မီးရှို့ ဖျက်ဆီးတယ်။ အုပ်ချုပ်ရေးတာဝန်ရှိသူတွေ၊ လုံခြုံရေးသက်ဆိုင်ရာသတင်းပေးသူတွေ၊ လူနည်းစု တိုင်းရင်းသားတွေကို ရက်စက်စွာသတ်ဖြတ်တယ်။ ဌာနေပြည်သူတွေကို နေရပ်စွန့်ခွာထွက်ပြေးအောင် ခြိမ်းခြောက်တယ် စတဲ့လုပ်ဆောင်မှုတွေကို အထင်အရှားတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီလုပ်ဆောင်ချက် တွေဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်ပါ အကြမ်းဖက်မှုများနှင့် အကျုံးဝင်နေ ကြောင်း ငြင်းပယ်လို့မရနိုင်ပါဘူး။ ဒါကြောင့် ဒီဥပဒေကို ထိရောက်စွာကိုင်တွယ်အသုံးပြုဖို့ လိုအပ် ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ UN နဲ့ OIC နိုင်ငံတကာအဖွဲ့အစည်းတွေက အကြမ်းဖက်များရဲ့လုပ်ရပ်ကို မျက်ကွယ်ပြုပြီးတော့ မမှန်သတင်းများနှင့် ဝင်ရောက်စွက်ဖက်အားပေး လျက်ရှိပါတယ်။ ဒီဖိအားတွေဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ(UNSC)နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICC)ကို ဦးတည်နေပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုလည်း ထိပါးခြိမ်းခြောက်နေပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်းဆောင်ရွက်နေတဲ့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံတကာအကူအညီကို ရယူပြီးတော့ ဥပဒေနှင့်အညီ ညှိနှိုင်း ဆောင်ရွက်မှုတွေကိုလည်း အားလျော့စေလျက်ရှိပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒေသဆိုင်ရာအဖွဲ့

အစည်းတွေ၊ နိုင်ငံတွေနဲ့ ညှိနှိုင်းပြီးတော့ ဒီအကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအပေါ်အဝင် တည်ဆဲဥပဒေအရပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့အစည်းများကို အကူအညီပေးသူများ၊ လှုံ့ဆော်သူများ၊ ကြံရာပါများကို တစ်စိုက်မတ်မတ် ဖော်ထုတ်အရေးယူပြီးတော့ ပြည်သူတွေကို ထိရောက်တဲ့ကာကွယ်မှုပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာသိရှိအောင် ပြောဆိုနိုင်စွမ်းရှိတဲ့သူတွေကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်က ရည်ရွယ်ချက်ရှိရှိနဲ့ ရိုဟင်ဂျာလူမျိုးတစ်မျိုး၊ နယ်မြေတစ်ခုပေါ်ပေါက်လာအောင် မိမိတို့ရဲ့အချုပ်အခြာအာဏာနှင့် လုံခြုံရေးစခန်းများ၊ ဒေသခံကျေးရွာများနှင့် ဒေသခံပြည်သူတွေကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး ဒီပြဿနာကြီးထွားအောင် ဖန်တီးကြတာပါလို့ ပြတ်သားစွာရှင်းလင်းပြောကြားပေးစေလိုပါတယ်။ ကမ္ဘာ့မျက်နှာစာမှာ မိမိတို့အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကြောင့် ဘင်္ဂါလီတွေ ဒုက္ခသည်အဖြစ် တစ်ဖက်နိုင်ငံကို ထွက်ပြေးရတယ်။ ဒီကာလမှာပဲ သူတို့ကိုလူမျိုးတုန်းသတ်ဖြတ်တယ်။ မုဒိမ်းကျင့်တယ်။ လူ့အခွင့်အရေးဖောက်ဖျက်ခံရတယ် စတဲ့စွပ်စွဲမှုများဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ ဒါတွေမဟုတ်မမှန်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက ကျင်းပတဲ့ IPU ညီလာခံမှာ ယခုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် OIC နိုင်ငံများရဲ့စွပ်စွဲချက်များကို တုံ့ပြန်ရှင်းပြခဲ့သလို ကုလသမဂ္ဂမြန်မာအမြဲတမ်းကိုယ်စားလှယ်ကလည်းပဲ လုံခြုံရေးကောင်စီမှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့က တုံ့ပြန်ပြောဆိုဆောင်ရွက်မှုတွေရှိပါတယ်။ ယခုလို အမှန်တရားကို နည်းမျိုးစုံနဲ့ ကမ္ဘာကသိအောင် ဆောင်ရွက်ပြီးကာကွယ်ကြဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမှမဟုတ်ဘဲ ပြည်ပနိုင်ငံအဖွဲ့အစည်းအသီးသီးရဲ့ဖိအားတွေ စိုးရိမ်ပြီးတော့ အမျိုးသားလုံခြုံရေးကို လျစ်လျူရှုလျက် နေရပ်စွန့်ခွာထွက်ပြေးသူများကို ပြန်လည် လက်ခံရေး၊ ၎င်းတို့ကို လွတ်လပ်စွာသွားလာခွင့်ပြုပြီး လူသားချင်းစာနာမှုနဲ့ လူ့အခွင့်အရေးကို အပြည့်အဝရရှိရေး ဒါတွေကိုသာ ဇောင်းပေးဆောင်ရွက်နေမယ်ဆိုရင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်မှာ ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့အညီ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်း၍ ထိရောက်စွာ ဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်တဲ့ကာကွယ်မှုပြုလုပ်ပေးနိုင်ပါရန် အဆိုတင်သွင်းလျက် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ဦးတင်အေးဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေးတင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ Global Terrorism Index ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ။

အဲဒီမှာ မြန်မာနိုင်ငံကိုကြည့်လိုက်မယ်ဆိုရင် အဆင့်(၄၅) ရှိပါတယ်။ ဒါ ၂၀၁၇ ခုနှစ်ပါ။ မြန်မာနိုင်ငံကို ကြည့်လိုက်မယ်ဆိုရင် အဆင့်(၃၇)ထိ မြင့်တက်သွားတာကို ကျွန်တော်တို့ တွေ့ရပါမယ်။ ဒီအကြမ်းဖက် ခံရနိုင်တဲ့အဆင့် ပိုမိုမြင့်မားလာတဲ့အတွက် အကြမ်းဖက်မှုဖြစ်ပွားမှုမရှိစေဖို့ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ဒေသ အသီးသီးမှာ ဘာသာရေး ဆိုင်ရာအကြမ်းဖက်အဖွဲ့အစည်း၊ ဝါဒရေးဆိုင်ရာအကြမ်းဖက်အဖွဲ့အစည်းနဲ့ လူမျိုးရေးဆိုင်ရာ အကြမ်းဖက်အဖွဲ့အစည်းဆိုပြီး တွေ့ရှိရပါတယ်။ ဒီအကြမ်းဖက်အဖွဲ့အစည်းတွေဟာ ဒေသအလိုက် အကြမ်းဖက်မှုများ ဆောင်ရွက်နေသလို ကမ္ဘာအနှံ့နေရာမရွေးအကြမ်းဖက်မှုများ ပြုလုပ်နေတာ ကိုလည်း တွေ့ရှိရပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းများဟာ ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်မှု များဖြင့် စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံအနောက်ဘက်မှာရှိတဲ့ ရခိုင်ဒေသ၊ အရှေ့တောင် အာရှနိုင်ငံများဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစတဲ့နိုင်ငံများမှာ စတင်ခြေကုတ်ယူပြီး လုပ်ဆောင် လာတာကို လေ့လာတွေ့ရှိရပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်ဟာ ကောက်ခါငင်ခါရုတ်တရက်ဖြစ်လာ မဟုတ်ပါဘူး။ လူတစ်ဦး တစ်ယောက် သို့မဟုတ် အုပ်စုတစ်စုဟာ ကြိုတင်ပြင်ဆင်ပြီးမှ ပြုလုပ်လာတာပဲဖြစ်ပါတယ်။ အကြမ်းဖက်မှုရဲ့ဖြစ်ပွားမှုပုံစံ၊ ပစ်မှတ်ရွေးချယ်မှု၊ လူအင်အားအသုံးပြုမှု၊ လက်နက်အင်အားနှင့် အကြမ်းဖက်သမားတွေရဲ့ပြုမူနေတဲ့ပုံစံတွေဟာ သက်ဆိုင်ရာအဖွဲ့အစည်းအပေါ်မှာမူတည်ပြီးတော့ လေ့လာနိုင်ပါတယ်။ အကြမ်းဖက်သမားတွေဟာ ပစ်မှတ်ကိုရွေးချယ်ပြီးရင်တော့ အသုံးပြုမယ့် လက်နက်အင်အား၊ ပတ်ဝန်းကျင် စောင့်ကြည့်လေ့လာသူ၊ လိုအပ်မယ့်လူအင်အား စတာတွေကို ရွေးချယ်ပြင်ဆင်တတ်လေ့ရှိပါတယ်။ ရခိုင်ပြည်နယ်ဖြစ်ခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေကို ကြည့်မယ် ဆိုရင် နိုင်ငံရေးအရ လူမျိုးရေးအမည်ကို အသုံးချကာ နယ်မြေကိုသိမ်းပြီး ခွဲထွက်ခွင့်တောင်းဖို့လုပ်တဲ့ အကြမ်းဖက်မှုဖြစ်စဉ်ဆိုတာ သိသာထင်ရှားပါတယ်။ နိုင်ငံရဲ့အချုပ်အခြာအာဏာနှင့် တရားဥပဒေ စိုးမိုးရေးတွေကို တိုက်ရိုက်ခြိမ်းခြောက်တဲ့ဖြစ်စဉ်လည်း ဖြစ်ပါတယ်။ ဘင်္ဂါလီ အကြမ်းဖက်သမား တွေဟာ ကျွန်တော်တို့နိုင်ငံမှာနေပြီး ကိုယ့်တိုင်းရင်းသားတွေဖြစ်တဲ့ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ဘာသာမရွေး၊ လူမျိုးမရွေးအားလုံးကို လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခံရတဲ့ အနိဋ္ဌာရုံ မြင်ကွင်းဟာဆိုရင် အင်မတန်မှ ဝမ်းနည်းကြေကွဲဖွယ်ကောင်းတဲ့ ဖြစ်စဉ်လည်းဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ပြောရမယ်ဆိုရင် ကျွန်တော်ပေးချင်တဲ့ Message က အကြမ်းဖက်သမားဟာ ကျွန်တော် အကြမ်းဖက်သမားပါဆိုပြီးတော့ စာတန်းကပ်ပြီးလုပ်လာတာ မဟုတ်တဲ့အတွက် အကြမ်းဖက်မှုဟာ Every time, Everywhere, Every trial မှာ လုပ်နိုင်တာ ဖြစ်တဲ့အတွက် Security Point of View အရ ကြည့်ဖို့လည်း လိုပါတယ်။ အကြမ်းဖက်မှုဖြစ်သွားပြီ ဆိုရင် ပေးဆပ် လိုက်ရတဲ့တန်ဖိုးတွေ အရင်းအနှီးတွေက ကြီးမားလွန်းပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုရဲ့အသက်တွေပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့(၆-၁၀-၂၀၁၆ ရက်နေ့)မှာ ကျွန်တော့်အနေနဲ့ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများမှာ အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသဖြင့် နိုင်ငံရဲ့ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက်

ဆိုပြီး မေးခွန်းမေးခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ ဖြစ်နေတာမဟုတ်ပါဘူး။ လောလောဆယ်တစ်ခါမှ မဖြစ်ဘူး။ ကျွန်တော်တို့ဆီမှာ ဘာမှ အစွန်းရောက်အကြမ်းဖက်သမားတွေမရှိသေးဘူးဆိုပြီးတော့ ပြောပါတယ်။ ကျွန်တော်မေးပြီး သုံးရက်အကြာမှာ ၉-၁၀-၂၀၁၆ ရက်နေ့ ညမှာပဲ ရခိုင်ပြည်နယ် ကျီးကန်းပြင်ရှိ အမှတ်(၁)နယ်ခြားစောင့်တပ်ဖွဲ့ဌာနချုပ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း၊ ငါးခူရနှင့် ကိုးတန်ကောက်စခန်းသုံးခုကို ဘင်္ဂါလီအကြမ်းဖက်သမားအင်အားအများအပြားနှင့် အကြမ်းဖက်မှုကို ခံခဲ့ရပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့အထိ ARSA ဦးဆောင်တဲ့ အကြမ်းဖက်ဘင်္ဂါလီများရဲ့အကြမ်းဖက်သတ်ဖြတ်ခံရမှုကြောင့် တပ်မတော်သားတစ်ဦး၊ လုံခြုံရေး ရဲတပ်ဖွဲ့ ၂၅ ဦး၊ နိုင်ငံ့ဝန်ထမ်းသုံးဦး၊ အပြစ်မဲ့ပြည်သူ ၁၀၇ ဦး အသက်ဆုံးရှုံးခဲ့ရပြီးတော့ လုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ နိုင်ငံ့ဝန်ထမ်းသုံးဦး၊ ဒေသခံတိုင်းရင်းသားလေးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီမှာ အဆိုးဆုံးကတော့ ရဲဘော်ကျကျေးရွာမှာ ဟိန္ဒူဘာသာဝင် ၉၀ ကျော်အား အဓမ္မဖမ်းဆီးခေါ်ဆောင် ပြီးတော့ ရက်စက်စွာသတ်ဖြတ်ခဲ့ကြောင်း သိရှိရပြီးတော့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့၊ ၂၅ ရက်နေ့မှာ ဘောတံတားကျေးရွာအနီးမှာရှိတဲ့ ဟိန္ဒူဘာသာဝင်ရုပ်အလောင်း ၄၅ လောင်း တူးဖော် တွေ့ရှိခဲ့ရတာကိုလည်း အားလုံးသိရှိထားပြီးဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားသလို ရခိုင်ပြည်နယ်မှာ အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ဖို့ဆိုရင် နိုင်ငံရဲ့မည်သည့်နေရာကိုမဆို အကြမ်းဖက်မှု မဖြစ်ပွားစေရန်အတွက် အကြမ်းဖက်မှုဖြစ်စဉ်နဲ့ဆိုင်တဲ့ Pre Incident Indicators နဲ့ Incident Indicators ကို တင်ပြဖို့အတွက် Power Point ဆက်လက်အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ အကြမ်းဖက်မှုမဖြစ်ပွားမီ Pre Incident Indicators ဖြစ်ပါတယ်။ အမျိုးအစားသုံးမျိုးရှိပါတယ်။ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။ ဒါအသေးစိတ်ဖော်ပြတာဖြစ်ပါတယ်။ ကျန်ပိုင်းအုပ်စုနှင့်ဆိုင်သော Pre Incident Indicator များနှင့် ပစ်မှတ်နှင့်ဆိုင်တဲ့ Pre Incident Indicator များဖြစ်ပါတယ်။ ဒါကတော့ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ဆိုင်တဲ့ Pre Incident Indicator များဖြစ်ပါတယ်။ ဆက်လက် ပြီးတော့ Incident Indicator များကို တင်ပြပါမယ်။ ငါးမျိုးရှိပါတယ်။ အကြမ်းဖက်မှုအား ဖြစ်ပွားမှု ဖြစ်စဉ်အနေနဲ့ စုစည်းခြင်းအပိုင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ အကြမ်းဖက်မှုများကို ပြုမူဆောင်ရွက်ရမယ့် သဏ္ဍာန်များဖြင့် စုစည်းခြင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ ဆန်းစစ်မှုယူနစ်ကို ဘယ်လို ပြောင်းလဲသွားတယ်ဆိုတာကို တင်ပြထားခြင်းဖြစ်ပါတယ်။ Data Base တည်ဆောက်ခြင်း ပေါ့။ Data Base တည်ဆောက်ခြင်းမှာ အထောက်အကူပြုနိုင်တဲ့အချက်အလက်တွေကို ဒါတင်ပြထားခြင်းဖြစ်ပါတယ်။ Data Design ပဲဖြစ်ပါတယ်။ Group Profile ပေါ့။ Code Book အနေနဲ့ဆိုရင် တင်ပြပါ အတိုင်း ဆောင်ရွက်ရမယ်ဆိုတာကိုလည်း တင်ပြအပ်ပါတယ်။ ဒါ Biographical Profile ပဲဖြစ်ပါ တယ်။ ဒါ Country Profile ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ အကြမ်းဖက် ဘင်္ဂါလီများကြောင့် ဖြစ်ပေါ်လျက်ရှိတဲ့ အခက်အခဲများနှင့် စိန်ခေါ်မှုများကို အနည်းငယ်တင်ပြလိုပါ တယ်။ ဘင်္ဂါလီလူမျိုးများရဲ့ လူဦးရေတိုးပွားမှုကြောင့် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ဒေသခံ

တိုင်းရင်းသားများဟာ လူနည်းစုဖြစ်လာခဲ့ပြီးတော့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်ဒေသကိုစွန့်ခွာရတဲ့အတွက် နိုင်ငံပိုင်နက် နယ်မြေဆုံးရှုံးရမယ့်အန္တရာယ်နှင့် ရင်ဆိုင်တွေ့ဆုံလျက်ရှိပါတယ်။ အကြမ်းဖက်ဖြစ်စဉ်များအပေါ် အစိုးရရဲ့ကိုင်တွယ်ဖြေရှင်းမှုကို UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းလမ်းမျိုးစုံဖိအားပေးဆောင်ရွက်နေသလို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိဘူးဆိုရင် ပိုမိုဖိအားပေးလာနိုင်တဲ့ အန္တရာယ်နှင့်လည်းတွေ့ကြုံရင်ဆိုင်နိုင်ပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာရှိတဲ့ ဘင်္ဂါလီများဟာ သမိုင်းမှာမရှိတဲ့ ရိုဟင်ဂျာလူမျိုးများအဖြစ် နိုင်ငံတကာမှ အသိအမှတ်ပြုခံရခြင်းနှင့် သီးခြားပြည်နယ်ထူထောင်နိုင်ရေးတို့အတွက် ရည်မှန်းချက်ထားကာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုထိပါးလာပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာနိုင်တဲ့ အန္တရာယ်ကို တွေ့ကြုံရင်ဆိုင်ရလျက်ရှိပါတယ်။ အကြမ်းဖက်မှုပြဿနာများကို ဆောလျင်စွာ အမြစ်ဖြတ်တိုက်ခိုက်ခြင်းမရှိဘူးဆိုရင် ရခိုင်ပြည်နယ်မှတစ်ဆင့် အနေးနှင့်အမြန် Cultural Fail ဖြစ်ပါမယ်။ Economy Fail ဖြစ်ပါမယ်။ Political Fail ဖြစ်ပါမယ်။ နောက်ဆုံး Fail State အထိဖြစ်သွားနိုင်တယ်ဆိုတာကိုလည်း သတိချပ်စေလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဖြစ်စဉ်များဟာ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများ၊ တစ်ဖက်နိုင်ငံရှိ စစ်သွေးကြွအဖွဲ့အစည်းများမှ ပိုမိုပါဝင်ပတ်သက်မှုရှိပြီးတော့ ပြင်ပမှငွေကြေးထောက်ပံ့မှု၊ သတင်းမီဒီယာဘက်လိုက်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ထိန်းချုပ်ကန့်သတ်မှုကိုပါ ရင်ဆိုင်နေရခြင်းဖြစ်ပါတယ်။ ဒီပြဿနာကို ကိုယ်တွယ်ဖြေရှင်းရာမှာ ရေတိုရေရှည်အစီအမံများချမှတ်ပြီးတော့ စစ်ရေး၊ နိုင်ငံရေး၊ လူထုဆက်ဆံရေး၊ သံတမန်ဆက်ဆံရေး ဘက်ပေါင်းစုံမှ စနစ်တကျဆောက်ရွက်သွားဖို့ လိုအပ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းများရဲ့ကြီးကြပ်မှုဖြင့် ဒေသတွင်းကို ဗဟိုသတင်းဌာနထူထောင်ရန်အတွက် လက်ရှိဆောင်ရွက်နေတဲ့ ပူးပေါင်းလုပ်ဆောင်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ နယ်မြေကျူးကျော်လာတဲ့ ဘင်္ဂါလီများအနေနဲ့ ရိုဟင်ဂျာများအဖြစ် ရပ်တည်ခွင့်ရမှသာလျှင် နယ်မြေပိုင်ဆိုင်ခွင့်ရမှာကို နားလည်တဲ့အတွက် UN, OIC နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အင်အားကြီးနိုင်ငံများရဲ့အကူအညီကို ရယူကာ ဆက်လက်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်အဖွဲ့အစည်းများကို အကြမ်းဖက် လုပ်ရပ်အား ကျူးလွန်ခြင်း၊ အားပေးအားမြှောက်ပြုခြင်း၊ အခွင့်အလမ်းရရှိစေရန်ထောက်ပံ့ခြင်း၊ စီစဉ်ခြင်း၊ ငွေကြေးဆိုင်ရာအကူအညီများပေးခြင်း၊ ဥပဒေနဲ့အညီ တားဆီးခြင်းတို့ကို ထိရောက်စွာကိုင်တွယ်အသုံးပြုပြီးတော့ မိမိနိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို အထိခိုက်မခံဘဲ တိကျပြတ်သားစွာ ဆောင်ရွက်သွားဖို့လိုအပ်မှာဖြစ်သလို ရခိုင်အရေးကိစ္စမှာ နိုင်ငံတကာနဲ့ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှုနဲ့ပတ်သက်တဲ့ သတင်းများဖလှယ်ခြင်း စတာတွေကိုလည်း ပြုလုပ်ရပါမယ်။ (Non Intervention) ကျူးကျော်ဆောင်ရွက်မှုမပြုခြင်းနဲ့ (Anti-Intervention)ကျူးကျော်ဆောင်ရွက်မှုဆန့်ကျင်ခြင်းဆိုတဲ့ ဗျူဟာတွေနဲ့ ပြည်ပရေးရာများမှာ နူတ်လွန်၊ လက်ကျွံရှုံမှုနဲ့ အကျပ်အတည်းအရှုပ်အထွေးများအတွင်း ပိတ်လှောင်မိနေခြင်းမှ ရှောင်ကြဉ်ဖို့ပြောကြားရင်းနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်မှ

ဦးသောင်းအေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တောဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှု များ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနဲ့အညီ နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးရန်ဆိုတဲ့အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယခုအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၁-၅-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်

သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကော်မတီကိုယ်စား မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းတင်သွင်းရခြင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ သယံဇာတများ အနက် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သော ပုလဲသယံဇာတအား စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နိုင်ငံတော်အတွက် သင့်လျော်သော အခွန်ဘဏ္ဍာများ ရရှိစေရန်ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက် အရ တင်ပြရလျှင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် တာဝန်ပေးအပ်ထားသောဥပဒေ၊ ဘာသာရပ်ရှုထောင့်များအနက်မှ မြန်မာ့ပုလဲ လုပ်ငန်းဥပဒေ(၇/၁၉၉၅)နှင့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၄)တို့ကို အသေး စိတ်လေ့လာပြီး ပြောင်းလဲလာသည့်စီးပွားရေးစနစ်မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြင်ဆင်နိုင် ရေးအတွက် သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာနနှင့် ခြောက်ကြိမ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်နှင့်တစ်ကြိမ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့်တစ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီး အကြံဉာဏ် များရယူခဲ့ပါတယ်။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကော်မတီဝင်များအနေဖြင့် ၁-၄-၂၀၁၈ ရက်နေ့မှ ၅-၄-၂၀၁၈ ရက်နေ့အထိ မြိတ်၊ ကော့သောင်းပုလဲမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ပါတယ်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၄)တွင် မှတ်ကောင်များ ဝတ်ဆံသွင်းခြင်းအတွက် ဝတ်ဆံသွင်းခွန်ကောက်ယူပြီးနောက် အခြားမည်သည့် အခွန်မျှ ငွေကြေးနှင့်ဖြစ်စေ၊ ပစ္စည်းနှင့်ဖြစ်စေ ထပ်မံကောက်ယူခွင့်မရှိခြင်းသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေများနှင့် လိုက်လျောညီထွေမရှိပါ။ ထို့ပြင် နိုင်ငံတကာစီးပွားရေးရင်းနှီးမြှုပ်နှံမှုများအပေါ် အလေးထားသည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်လည်း ဆီလျော်မှုမရှိတော့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်ကိုက်ညီပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရေးဆွဲပြင်ဆင်ထားသည့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

မူကြမ်း

## မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့အစည်းအဝေးမှာ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ထားဝယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၂၃၅

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၄-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၂၆)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံရှိ သယံဇာတများအနက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်သော ပုလဲသယံဇာတကို စီးပွားဖြစ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နိုင်ငံအတွက် သင့်လျော်သော အခွန်အခများရရှိစေရန် ရည်ရွယ်၍ ပြင်ဆင် ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ဘဏ္ဍာငွေနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၈-၅-၂၀၁၈ ရက် သောကြာနေ့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များ

ကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဖတ်ကြားတင်ပြခြင်းမပြု တော့ပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၂၃၅

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှ စ်၊ မေ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၄-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၂၆)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံရှိ သယံဇာတများအနက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်သော ပုလဲသယံဇာတအား စီးပွားဖြစ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နိုင်ငံအတွက် သင့်လျော်သော အခွန်ဘဏ္ဍာများ ရရှိစေရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၈-၅-၂၀၁၈ ရက် သောကြာနေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ

အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြင်ဆင်သည့် အပိုဒ်ပေါင်း ၁၀ ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အပိုဒ် ၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(ဏ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဏ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) ပုဒ်မခွဲ(ဏ)၊ (တ)၊ (ထ) နှင့်(ဒ) တို့ကို ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ) နှင့်(ဓ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဃ) အပိုဒ် ၃ ကို အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင်ပါရှိသော အစိုးရ၏ ဆိုသည့် စကားရပ်အစား နိုင်ငံတော်အစိုးရ၏ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( င ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့ကိုပယ်ဖျက်ပါသည်။

(စ) အပိုဒ် ၆ ကို အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို မြန်မာငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဆ) အပိုဒ် ၇ ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ) ကို ပယ်ဖျက်ပါသည်။”

(ဇ) အပိုဒ် ၈ ကို အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ဈ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ ကို ပယ်ဖျက်ပါသည်။

(ည) အပိုဒ် ၁၀ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၉ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

၃၉။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ထုတ်လုပ်မှုအပေါ် မျှဝေခံစားသောလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှ သတ်မှတ်သော ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း အတွက် စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့် ပြုနိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁-၆-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၃-၅-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာသိရှိနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ကျွန်တော်ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၂၅၄

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ အမျိုးသားလွှတ်တော်ရဲ့ ၂၃-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၈-၂၈၂

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၅-၃-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၃-၅-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အစိုးရဌာနများ၏ ပြည်သူ့ဘဏ္ဍာကိုင်တွယ်သုံးစွဲရာတွင် လေ့လွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် အစိုးရ၏စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ဝယ်ယူရေး၊ ထုခွဲရောင်းချရေးဆောင်ရွက်ရာတွင် မသမာမှုများကြောင့် နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်းများ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အကာအကွယ်ပေးနိုင်ရန်၊

(ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာပေးခြင်း၊ အသိပေးခြင်း၊ တားဆီးကာကွယ်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများအား အကြံဉာဏ်ပေး ဆောင်ရွက်နိုင်ရန်၊

(ဂ) တည်ဆဲအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များတွင် တိုင်စာမရလျှင် စုံစမ်းစစ်ဆေးခွင့်မရှိသည့်သဘောဖြစ်နေ၍ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း ကျော်ဇောသတင်းရှိနေပါက တိုင်ကြားသူမရှိသော်လည်း ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးခွင့်ရှိနေခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရန်၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၅-၂၀၁၈ ရက်နေ့ တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားတဲ့ စိစစ်ချက်ဇယားပါအတိုင်းပဲ ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၅၄

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၃-၅-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/ အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၂၈၂

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်၌ ၅-၃-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၃-၅-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာ ပါသည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အစိုးရဌာနများ၏ ပြည်သူ့ဘဏ္ဍာကိုင်တွယ်သုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် အစိုးရ၏ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝယ်ယူရေး၊ ထုခွဲရောင်းချရေး ဆောင်ရွက်ရာတွင် မသမာမှုများကြောင့် နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်းများ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အကာအကွယ်ပေးနိုင်ရန်၊

( ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာပေး ခြင်း၊ အသိပေးခြင်း၊ တားဆီးကာကွယ်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ အားအကြံဉာဏ်ပေးဆောင်ရွက်နိုင်ရန်၊

(ဂ) တည်ဆဲအဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များတွင် တိုင်စာမရလျှင် စုံစမ်းစစ်ဆေးခွင့်မရှိသည့် သဘောဖြစ်နေ၍ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း ကျော်ဇောသတင်းရှိနေပါက တိုင်ကြားသူမရှိသော်လည်းကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးခွင့်ရှိခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရန်၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်းဗင်းရှင်း သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၅-၂၀၁၈ ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၂၁ ပိုဒ် ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၂၈) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂။ မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ထိုသူကို ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့်ရှိစေရမည်။

(ဃ) အပိုဒ် ၄ တွင် ပုဒ်မ ၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၂) မည်သူမဆိုသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူ စာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း။

( င) အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) (ဃ) (င) (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) (ဍ) (ဎ) (ဏ) (တ) (ထ) (ဒ) (ဓ) နှင့် (န) တို့ကို ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) (င) (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) (ဍ) (ဎ) (ဏ) (တ) (ထ) (ဒ) (ဓ) (န) နှင့် (ပ) တို့အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

( စ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၇ ကို မူလပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

(ဆ) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ပ) ကို ပုဒ်မခွဲ(ဖ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

(ဖ) စစ်ဆေးရေးမှူး ဆိုသည်မှာ ကော်မရှင်၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စစ်ဆေးရေး အဖွဲ့တွင် ပါဝင်သူကို ဆိုသည်။

( ဇ) အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ည) (ဋ) (ဌ) (ဍ) နှင့် (ဎ) တို့ကို ပုဒ်မခွဲ (ဋ) (ဌ) (ဍ) (ဎ) နှင့် (ဏ) တို့အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

(ဈ) အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဌ) ကို ပုဒ်မခွဲ (ဍ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

(ဍ) တိုင်ကြားစာများကိုစိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူ ခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို

မူကြမ်း

ပယ်ခြင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူ စေခြင်း၊

(ည) အပိုဒ် ၁၈ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင်-

(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဏ)၏ နောက်၌ ပုဒ်မခွဲ (တ) နှင့် (ထ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(တ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမှုများအား လိုအပ်ပါက စစ်ဆေးခြင်း၊

(ထ) မည်သည့်ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက် စားမှုတားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ် ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၁၆ ၏ မူလပုဒ်မခွဲ(ဏ)ကို ပုဒ်မခွဲ(ဒ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဋ) အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ခ) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှုကျူးလွန်ခြင်းပြုသူမည်သူ့ကိုမဆို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်ပြခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

(ဌ) အပိုဒ် ၂၄ ကို အပိုဒ် ၂၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ၂၇၊ ပုဒ်မခွဲ(က)ရှိ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ ဆိုသည့်စကားရပ်ကို စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ဟု ပြင်ဆင်ပါသည်။

(ချ) အပိုဒ် ၂၅ ကို အပိုဒ်၂၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း တင်ပြရမည်ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၂၇ ကို အပိုဒ် ၂၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ရှိ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဆိုသည့်စကားရပ်ကို ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သည်ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၂၉ ကို အပိုဒ် ၃၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၄၄ ရှိ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ သော်လည်းကောင်းဆိုသည့် စကားရပ်ကို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်းဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၃၄ ကို အပိုဒ် ၃၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၅၉။ မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း ဖြစ်သည်ဟုသော်လည်းကောင်း၊ မမှန်မကန် သတင်းပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ထ) အပိုဒ် ၃၅ ကို အပိုဒ် ၃၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် အသစ်ဖြည့်စွက်ချက် ပုဒ်မ ၆၃-က ရှိ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုတစ်ခုခုနှင့်စပ်လျဉ်း၍ ဆိုသည့် စကားရပ်ကို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းတစ်ခုခုနှင့်စပ်လျဉ်း၍ ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို

တိတိကျကျဖော်ပြ၍ ၁-၆-၂၀၁၇ ရက်(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့ ၂၉-၃-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့ ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်၏ ပြင်ဆင်ချက်အဆိုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၂-၄-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမဲဆန္ဒနယ်)က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်းမဲဆန္ဒနယ်)မှ ဦးမြစိန်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယခု ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုချက်များ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ နည်းဥပဒေများ၏ခေါင်းစဉ် နိဒါန်းမှအစ နည်းဥပဒေ၊ နည်းဥပဒေခွဲများနှင့် နည်းဥပဒေ တစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော နည်းဥပဒေ၊ နည်းဥပဒေခွဲများကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အချက် ၁၃ ချက်အား တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံ ဆိုင်ရာနည်းဥပဒေနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော် ပြည်သူ့လွှတ်တော် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ကျွန်တော် ဦးကျော်စိုးလင်းက ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့လာတဲ့ စုပေါင်းပိုင်အဆောက်အအုံ ဆိုင်ရာနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ ဖြစ်တဲ့ ၁၅-၁-၂၀၁၈ ရက်(တနင်္လာနေ့)တွင် ဖြန့်ဝေတင်ပြသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၀၁နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ခြင်းဖြစ်ပါတယ်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ဖြစ်တဲ့ ၂၉-၃-၂၀၁၈ ရက်(ကြာသပတေးနေ့)တွင် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်၏ ပြင်ဆင်ချက်များကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်၏ပြင်ဆင်ချက်များအပေါ် ၂-၄-၂၀၁၈ ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ တင်ပြချက်များကို တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမဲဆန္ဒနယ်)က ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ၁၆-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)နဲ့ ၂၁-၅-၂၀၁၈ ရက်(တနင်္လာနေ့)တို့မှာ ညှိနှိုင်းအစည်းအဝေးများကို ကျွန်တော်တို့ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုညှိနှိုင်းအစည်းအဝေးမှာပဲ ဥပဒေကြမ်းကော်မတီမှာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

ထိုညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသလို Slite တွင်လည်းဖော်ပြထားခြင်းဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | နည်းဥပဒေနှင့် နည်းဥပဒေခွဲ |
|---|---|---|---|
| (က) | ၁ | ၁၊ ၂၊ ၃ | နည်းဥပဒေ ၁၅၊ နည်းဥပဒေ ၂၀၊ နည်းဥဒေ ၂၁ |
| (ခ) | ၂ | ၄၊ ၅၊ ၆၊ ၇ | နည်းဥပဒေ ၂၃ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၂၈၊ မူလနည်းဥပဒေ ၃၅ ကို ပယ်ဖျက်ခြင်း၊ မူလ နည်းဥပဒေ ၃၆ ကိုပယ်ဖျက်ခြင်း |

| | | | |
|---|---|---|---|
| (ဂ) | ၃ | ၈၊ ၉၊ ၁၀၊ ၁၁ | မူလနည်းဥပဒေ ၃၇ ကိုပယ်ဖျက်ခြင်း၊ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ်(၁) |
| (ဃ) | ၄ | ၁၂၊ ၁၃ | နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၈၀ |

ထိုသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးရဲ့သဘောထားပြောပါ။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနကတင်သွင်းခဲ့တဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း သဘောတူပါကြောင်းပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက်(၁၃)ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေများ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၂၅ နာရီ အချိန်တွင် ရပ်နားပါသည်။]


## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ (၃၀.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Han Zaw | U Aung Thike




U Han Zaw | U Thar Cho




U Han Zaw | U Kyaw Shwe




U Han Zaw | U Sein Han




U Han Zaw | Daw Aye Aye Mu




U Han Zaw | U Aye win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်